# Highlights from DVB Debate's Agriculture Growth

# April 23, 2016

# "How to grow Agriculture?"

"ကျနော် ယာထဲမှာပဲ လယ်သမားတွေနဲ့နေပြီး လုပ်ကိုင်နေတယ် နည်းပညာဆိုတာကိုတောင် တောင်သူတွေ နားမလည်ပါဘူး. နည်းပညာတွေနဲ့ စိုက်ပျိုးရေးလုပ်မယ်ဆိုရင် ပိုတောင် ဝေးပြီ"

ဦးစိုးသွင်ဦးမောင် - မြေဆီလွှာနှင့်ပိုးမွှားရောဂါပညာရှင်

---

"တောင်သူမဟုတ်တဲ့သူတွေက မြေယာတွေ ယူထားပြီး မြေယာမလုပ်ဘဲ ထားထားတဲ့ ပြဿနာတွေ စိုက်ပျိုးရေးမလုပ်ဘဲ မြေကိုမသုံးဘဲ ပစ်ထားပြီး ဈေးကောင်းရမှ ထုတ်ရောင်းတာတို့ ဒီပြဿနာတွေက ရှိသေးတယ်"

ဦးစိုးဝင်းမောင် - ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အကြံပေး

---

"တောင်သူလယ်သမားတွေအနေနဲ့က သူတို့ဘဝတွေ ဖွံ့ဖြိုးတိုးတက်ချင်တယ် အစိုးရတွေအနေနဲ့ ဘယ်လောက် ကွင်းဆင်းစစ်ဆေးကြတာရှိသလဲ ဘတ်ဂျက်တွေ ဘယ်လောက်ချပေးမှာလဲ တောင်သူလယ်သမားတွေထဲ ဆင်းပြီး စစ်ဆေးကြည့်ပါ"

ဦးဇော်ရမ်း - တောင်သူလယ်သမားအကျိုးဆောင်ကွန်ရက်

---

"လယ်သမားတွေ လယ်ယာလုပ်တာ ဒါသူတို့စီးပွားရေးလုပ်တာပဲ သူတို့ပိုက်ဆံရချင်တယ်။ ဘယ်မြို့နယ်မှာ ဘယ်အဖွဲ့တွေတော့ ဘာသီးနှံတွေစိုက်ပြီး အောင်မြင်သွားတယ် ပိုက်ဆံတွေရသွားတယ်ဆိုတဲ့ စံပြ ဆိုတာ မရှိသေးဘူး။ ဒါမျိုး တခုခု ဘယ်မှာရှိခဲ့ဖူးလဲ"

ဦးဝင်းချို - တက်ကြွလှုပ်ရှားသူ

---

"တောင်သူလက်ထဲ သီးနှံရှိနေချိန်မှာ ဈေးတွေက ပြုတ်ကျတယ် ကုန်သည်လက်ထဲရှိနေချိန်ဆို ဈေးကတက်ပြီ"

ဦးစိုးသွင်ဦးမောင် - မြေဆီလွှာနှင့်ပိုးမွှားရောဂါပညာရှင်

---

"ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်ရတဲ့အခါမှာ ဒီတရာသီစာရဖို့အရေး ကြိုးစားရင်းနဲ့ပဲ ချေးငွေသံသရာထဲလည်နေတာပေါ့"

ဒေါက်တာ ဥမ္မာခိုင် - ဩစတြေးလျအခြေပြု စိုက်ပျိုးရေး သုတေသနအဖွဲ့ စီမံကိန်းမန်နေဂျာ

---

"ခေတ်အဆက်ဆက်ထုတ်ခဲ့တဲ့ ဥပဒေတွေ ဘယ်ဥပဒေမှ တောင်သူတွေကို အကာအကွယ် မပေးနိုင်ဘူး။ ဘာလို့လဲ ဥပဒေထုတ်ခဲ့တဲ့ လူတွေကိုယ်တိုင် မလိုက်နာနိုင်လို့ပဲ"

ဦးအေးသွင် - တောင်ဒဂုံမြို့နယ်တောင်သူလယ်သမားရေးရာကော်မတီ

---

"လယ်သမားတွေမှာက ကြောက်စိတ်တွေရှိတယ်။ သူတို့မှာ စုဖွဲ့ ဆွေးနွေးစရာ အစုအဖွဲ့ဘယ်သူမှမရှိဘူး။ အောက်ခြေမှာ ဆင်းလုပ်နိုင်မယ့် စိုက်ပျိုးရေးကျောင်းဆင်းတွေ ဘယ်ရောက်နေလဲ"

ဦးစိုးသွင်ဦးမောင် - မြေဆီလွှာနှင့်ပိုးမွှားရောဂါပညာရှင်

---

"နလန်မထူတဲ့ လယ်သမားတွေရဲ့ အခက်အခဲအားလုံးကို ဖြေရှင်းဖို့ လယ်ကေပမာဏနဲ့ ညီတဲ့.. လုံလောက်တဲ့ ချေးငွေတွေ လိုအပ်ပါတယ်။ လယ်သမားတွေက မိမိထုတ်ကုန်ကို မဖြစ်မနေ ထုတ်မရောင်းရအောင်.... လုံလောက်တဲ့ ငွေရှိနေရင် တောင်သူလက်ထဲ သီးနှံရှိနေချိန် ဈေးကျပြီး လက်ထဲ သီးနှံမရှိချိန် ဈေးတက်တာမျိုး ရှိတော့မှာ မဟုတ်ဘူး"

ဦးသိန်းအောင် - လွတ်လပ်သော တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ

---